# မိုးကောင်းကျေးရွာ
# နောင်တောကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

## ၂၀၂၃ - ၂၀၂၄ခု ဘဏ္ဍာရေးနှစ်
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)




ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
မိုးကောင်းကျေးရွာ၊ နောင်တောကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| အပိုင်း (က)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေးဇယား | ၇-၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၇။ | ပညာရေး | ၉ |
| ၈။ | ကျန်းမာရေး | ၉ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉-၁၀ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၀ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၀ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၀ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၁ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၂-၁၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅-၁၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၁၁-၁၂ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မိုးကောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



# မိုးကောင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ညောင်ရွှေမြို့နယ်



မိုးကောင်းကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



# အပိုင်း (က)
# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မိုးကောင်းကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် နောင်တော ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၂၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ထီတခေါ်ကျေးရွာ၊ မြောက်ဘက်တွင် ဝက်သချောင်ကျေးရွာ၊ တောင်ဘက်တွင် တပ်ကြီးကျေးရွာနှင့် အနောက်ဘက်တွင် စိုက်ပျိုးမြေများစသည်တို့နှင့်ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် ပအိုဝ်;လူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မိုးကောင်းကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၃၉)ဧက၊ ယာမြေ(၈၇)ဧကနှင့် ဥယျာဉ်ခြံ(၆)ဧက စုစုပေါင်း စိုက်ပျိုးနိုင်သည့် မြေနေရာဧကမှာ (၁၃၂)ဧက ရှိပါသည်။ စိုက်ပျိုးမြေများသည် မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသဖြင့် ဓါတ်မြေဩဇာအတင့်အသင့်သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် မြေပေါ်ရေနှင့်မြေအောက်ရေ အသင့်အတင့်တွေ့ရှိရသော်လည်း အသုံးချရခက်ခဲပါသည်။ ဓါတ်သတ္တုနှင့် အခြား သဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

မိုးကောင်းကျေးရွာတွင် အိမ်ခြေ(၄၂)အိမ်၊ အိမ်ထောင်စု(၄၂)စု၊ လူဦးရေပေါင်း(၁၃၉)ဦး ရှိသည်။ အိမ်ခြေနှင့်လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင်(၁၄)နှစ်အောက် ကလေး အနည်းငယ်ရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း(၇)ဦးသာ ရှိပါသည်။ ကျေးရွာရှိ လူဦးရေ၏ (၇၈)ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

မိုးကောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူးနှင့်ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီအသီးသီးတို့မှ ဦးဆောင်၍ ကျေးရွာသူ/သားများ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် အစိုးရဌာနအချို့မှအပြင် ဘော်ဒါလက်(စ်)အဖွဲ့မှ စိုက်ပျိုးလုပ်ငန်းအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် လက်လှမ်းမီမှုရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး ဇယား:

မိုးကောင်းကျေးရွာတွင် လယ်မြေများကို စပါးအဓိကစိုက်ပျိုးကြပြီး ယာခြံများကို ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။လယ်မြေများတွင် စပါးရိတ်သိမ်းပြီးပါက ကြက်သွန်ဖြူစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူများ မရှိပါ။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

ကျေးရွာရှိအိမ်ထောင်စု(၄၂)စုအနက်မှ အိမ်ထောင်စု(၃၉)သည် စိုက်ပျိုးမြေအနည်းငယ်စီ ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စု(၃)စုသည် စိုက်ပျိုးမြေထပ်မံတိုးချဲ့ရန် ခက်ခဲပါသဖြင့် မြေယာမဲ့များဖြစ်သဖြင့် နီးစပ်ရာ မြေယာငှါးရမ်း၍ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

စိုက်ပျိုးရေရရှိရန် မိုးရေနှင့် ချောင်းရေကို အဓိကအားထား၍ စိုက်ပျိုးနိုင်သဖြင့် ရေလုံလောက်မှု ရှိပါသည်။သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်း ကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသော်လည်း မိရိုးဖလာနည်းစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုက်ကြသဖြင့် စိုက်ပျိုးရေးသုံးခေတ်မီစက်ကိရိယာများ အနည်းငယ်သာ ပိုင်ဆိုင်ပါသည်။ ဆင်းရဲသောတောင်သူများသည် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ပါက ကျေးရွာတွင်းရှိနှင့် နီးစပ်ရာကျေးရွာရှိ စက်များငှါးရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ လယ်မြေများတွင် ခါတ်မြေဩာများကို အသင့်အတင့်အသုံးပြု၍ စိုက်ပျိုးရပါသည်။ ခါတ်မြေဩာများကို နန်းပန်မြို့ရှိ စိုက်ပျိုးရေးအရောင်းဆိုင်တွင်လည်းကောင်း၊ နန်းပန်စျေးတို့တွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို အနီးဆုံးဖြစ်သော နန်းပန်စျေးတွင်လည်းကောင်း၊ ညောင်ရွှေမြို့တွင်လည်းကောင်း၊ အချို့သည် တောင်ကြီးစျေးတွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏စိုက်ခင်းများကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းသည့် နှစ်လည်းရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက ဘော်ဒါလက်(စ်)ချေးငွေအဖွဲ့၊ ပုဂ္ဂလိကဘဏ်၊ ကျေးရွာရန်ပုံငွေများတွင် အတိုးပေး၍လည်းကောင်း၊ ဆွေမျိုးများထံတွင် အချို့အတိုးဖြင့်၊ အချို့အတိုးမဲ့ဖြင့် ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ကြပါသည်။ အချို့နှစ်များသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားဝင်ငွေရ အလုပ်အကိုင်ရှားပါးခြင်းနှင့် သီးနှံအရှုံးပေါ်သည့်နှစ်များတွင် ပေးဆပ်ရန် ခက်ခဲကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် ငါး မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုသာ ရှိပါသည်။ အိမ်ခြံကွက်အတွင်း မြေနေရာအတင့်အသင့်ရှိသော်လည်း စိုက်ပျိုးရေးခြံများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာ ရှိခြင်းကြောင့် ကျေးရွာမှ မွေးမြူရေးနှင့်ပတ်သက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များကြောင့်နှင့် နည်းပညာလက်လှမ်းမီမှု အားနည်းခြင်းတို့ကြောင့် မွေးမြူရေးလုပ်ကိုင်သူ မရှိပါ။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် ချေးငွေအရင်းအနှီးများ၊ နည်းပညာဝန်ဆောင်မှုများနှင့် မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျွန်ုပ်တို့ကျေးရွာတွင် လျှပ်စစ်မီးအသုံးပြု၍မရသေးခြင်း၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှုမရှိခြင်းတို့ကြောင်း အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် လျှပ်စစ်မီးမဟာဓါတ်အားလိုင်းအားမီးလွှတ်ခွင့်ရရှိရေးဆောင်ရွက်ပေးရန်နှင့် သက်/မွေးသင်တန်းများဖြစ်သည့် ကျေးရွာနှင့် အပ်စပ်သည့် အိမ်တွင်းမှုလုပ်ငန်း၊ အပ်ချုပ်၊ ဝပ်ရှော့ လုပ်ငန်းကဲ့သို့သော သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက ပုဂ္ဂလိကဘဏ်တွင် လည်းကောင်း၊ ကျေးရွာပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ဘော်ဒါလက်(စ်)ချေးငွေအဖွဲထံတွင်လည်းကောင်း ငွေများ ချေးယူကြသဖြင့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှု ရှိပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျွန်ုပ်တို့ကျေးရွာတွင် ဆိုင်ကယ်အများဆုံးပိုင်ဆိုင်ပြီး ကား(၁၁)စီး ရှိပါသည်။ သို့ဖြစ်ပါ၍ အဓိကသယ်ယူပို့ဆောင်ရေးယာဉ်သည် ကားများဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက် လမ်းများသည် မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးအနည်းငယ် ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လမ်းများအား အဆင့်မြင့်တင်ပေးရန်နှင့် သီးနှံထွက်ကုန်များအား သယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်သက်သာစေရန်အတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရန်လည်း လိုအပ်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းသွယ်တန်းပြီးဖြစ်သော်လည်း မီးလွှတ်ခွင့်မရရှိသေးသဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေးတွင် အနည်းငယ် နှောင့်နှေးလျက်ရှိပါသည်။ လျှပ်စစ်မီးလင်းခွင့်ရရှိရေးဆောင်ရွက်ရန်လိုအပ်လျက် ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ဖုန်းလိုင်းကောင်းသည့်အပြင် အင်တာနက်လိုင်းလည်း ရသဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှုရှိသောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလျက်ရှိပါသည်။

**၇။ ပညာရေး**

ကျေးရွာတွင် မူလွန်ကျောင်းသာရှိသဖြင့် မူလတန်းပညာတတ်မြောက်ပြီးလျှင် မိဘလုပ်ငန်းနှင့် ဝင်ငွေရအလုပ်ဝင်ရောက်လုပ်ကိုင်ကြသူများပြီး မူလတန်းကျောင်းထွက်နှုန်းများပါသည်။ အလယ်တန်းနှင့်အထက်တန်းကို နီးစပ်ရာနန်းပန်မြို့သို့ သွားရောက်ပညာသင်ကြားကြရပါသည်။ယခုအခါ ကျေးရွာသည် ပညာရေးကို ဦးစားပေးသည့် ကျေးရွာဖြစ်သဖြင့် ငွေကြေးတတ်နိုင်သူများသာ မိမိတို့၏သား/သမီးများကို အခြားကျေးရွာ/ မြို့တို့တွင်ထား၍ ဆက်လက်သင်ကြားစေပါသည်။ သို့ဖြစ်ပါ၍ အထက်အဆင့်ထိကျောင်းပြီး သူဦးရေများလာပြီး တက္ကသိုလ်အဆင့်ထိ တက်ရောက်ပြီးသူ(၁)ဦးရှိလာပြီဖြစ်ပါသည်။

**၈။ ကျန်းမာရေး**

ကျေးရွာတွင် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျား၊ သွေးတိုး၊ ဆီးချိုရောဂါ အနည်းငယ်ဖြစ်ပွားမှု ရှိပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်းသော်လည်း နီးစပ်ရာကွန်လုံကျေးရွာကျေးလက် ကျန်းမာရေးဆေးပေးခန်းသို့လည်းကောင်း၊ နန်းပန်တိုက်နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ဆေးဝါးများကုသနိုင်သဖြင့် ဆေးကုသမှုလက်လှမ်းမီမှုရှိပါသည်။ လွန်ခဲ့သော(၁၂)လတွင် ကျေးရွာ၌ ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မေးခိုင်ကာကွယ်ဆေး၊ CoVid ကာကွယ်ဆေးမှအပ အခြားကာကွယ်ဆေးများ လာရောက်ထိုးနှံပေးခြင်း မရှိပါ။

**၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ခါတ်မြေဩဇာကို အသင့်အတင့်အသုံးပြု၍ စိုက်ပျိုးကြရပါသဖြင့် မြေဆီဩဇာများ ပျက်စီးယိုယွင်းလာခြင်း၊ လူဦးရေတိုးပွားလာသဖြင့် သဘာဝအပင်/တိရိစ္ဆာန်မျိုးစိတ်များ ပြုန်းတီးနည်းပါးလာခြင်းစသည့် ဘေးအန္တရာယ်များ ကြုံတွေ့လာရပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးမှုအားနည်းလျက်ရှိသဖြင့် အမှိုက်နှင့်ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိပါသည်။

**၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာရှိအမျိုးသမီးများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုအားကောင်းပြီး သတင်းအချက်အလက်နှင့် သင်တန်းများတွင် အမျိုးသားများနှင့်တန်းတူ လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှု အနည်းငယ်ကွာဟမှု ရှိပါသည်။

**၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း မရှိပါ။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင် လုပ်ဆောင်ကြပါသည်။ လူငယ်များသည် ကျေးရွာ၌ အားကစားကွင်းမရှိခြင်း၊ စာကြည့်တိုက်/ခန်းမဆောင်မရှိခြင်းတို့ကြောင့် အားကစားရေးရာနှင့် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်းတို့တွင် အားနည်းကြပါသည်။

**၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်း မရှိပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးပြီး စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သဖြင့် မူခင်းဖြစ်ပွားမှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း(၄၀'x၃၀'x၁၀') | ၁ | ✓ | | | | |
| ၂ | ရေရရှိရေးလုပ်ငန်း(စိမ့်စမ်း (၄/၀)မိုင်) | ၂ | | ✓ | | | |
| ၃ | ဓါတ်မြေဩဖြန့်ဖြူးပေးခြင်း(ပန်းဖူးပုလဲ(၁၅၀)အိတ်) | ၃ | | ✓ | | | |
| ၄ | ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၉၀'x၁၅'x၁၂') | ၄ | | ✓ | | | |
| ၅ | မြစိမ်းရောင်ကျေးရွာရန်ပုံငွေမတည်ပေးခြင်း(၁ ယူနစ်) | ၅ | | | ✓ | | |
| ၆ | ဆေးပေးခန်းတည်ဆောက်ခြင်း(၃၀'x၂၀'x၁၂') | ၆ | | | ✓ | | |
| ၇ | စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း (၁၂၀'x၂၀'x၁၂') | ၇ | | | ✓ | | |
| ၈ | ကျေးရွာတွင်းလမ်းသဲဖြုန်းခင်းခြင်း(၃၅၀၀'x၁၂'x၆") | ၈ | | | | ✓ | |
| ၉ | ခန်းမဆောင်တွင် အများသုံးအိမ်သာတည်ဆောက်ခြင်း((၂)ခန်းတွဲ(၁)လုံး) | ၉ | | | | | ✓ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

**အပိုင်း (ခ)**

**စီမံချက်ဆိုင်ရာ အချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )**

| | |
|---|---|
| ကျေးရွာ | - မိုးကောင်းကျေးရွာ |
| ကျေးရွာအုပ်စု | - နောင်တောကျေးရွာအုပ်စု |
| မြို့နယ် | - ညောင်ရွှေမြို့နယ် |
| တိုင်း/ပြည်နယ် | - ရှမ်းပြည်နယ်(တောင်ပိုင်း) |
| **စီမံချက်အမည်** | **- ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၄၀'x၃၀'x၁၀')** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ** | မိုးကောင်းကျေးရွာတွင် သာရေး/နာရေးအတွက် ကျယ်ဝန်းသည့် အဆောက်အဦး မရှိသဖြင့် ရာသီမရွေးသာရေး/နာရေးကိစ္စများ၊ အစည်းအဝေးများ ကျင်းပနိုင်ရေး ဘက်စုံသုံး ခန်းမဆောင်တည်ဆောက်နိုင်ရန်အတွက် ဤစီမံကိန်းဆောင်ရွက်လိုရခြင်း ဖြစ်ပါသည်။ |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)** | ကျေးရွာတွင် သာရေး/နာရေးကိစ္စနှင့် အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်သည့် နေရာ အဆင်ပြေလာစေရန် ရည်ရွယ်ပါသည်။ |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ )** | လူငယ်ပိုင်၊ ကျေးရွာအများပိုင် ပစ္စည်းများကိုလည်း လုံခြုံစွာဖြင့် စနစ်တကျသိမ်းဆည်း နိုင်သောကြောင့် ကျေးရွာအတွက်များစွာ အထောက်အကူပြုလာစေမည်ဖြစ်ပါသည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )** | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၄၀'×၃၀'×၁၀')အား ခန့်မှန်း ကုန်ကျငွေကျပ် (၁၇၇၈၀၀ ၀၀/)ဖြင့် ကျေးရွာပြည်သူ၏ လုပ်အားနှင့်ပြီးစီးအောင် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ |

| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀၀၀၀၀၀/-(ငွေသား)<br>• - /-(ငွေသား)<br>• ၂၇၈၀၀၀၀/-(ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၇၀ | ၆၉ | ၁၃၉ | ၆ | ၁၁ | ၁၅ | ၁၀ | ၄၂ |
| အကျိုးခံစားမည့်သူ ဦးရေ | ၇၀ | ၆၉ | ၁၃၉ | - | - | - | - | - |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**<br>- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>- ကျေးရွာလူထု<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - (၇.၈.၂၀၂၃) |
| **(၃) စီမံချက် ပြီးစီးမည့် အချိန်** - (၂၀.၁၁.၂၀၂၃ ) |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>လုပ်ငန်းပြီးစီးပါက ခန်းမဆောင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ လုပ်ငန်းအားစနစ်တကျလွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။လုပ်ငန်းရေရှည်တည်တံ့ရေးအတွက် ကော်မတီဝင်များနှင့် ကျေးရွာသူ/သားတို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းစနစ်ဖြင့် အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

နောက်ဆက်တွဲ (၁)

မိုးကောင်းကျေးရွာ၊ နောင်တောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးမြ | ဦးကြူတ် | ၁၃/ညရန(နိုင်)၁၂၅၉၈၅ | ၃၁ | ဥက္ကဋ္ဌ | ၀၉ - ၄၅၁၄၄၈၉၄၇ |
| ၂။ | ဦးအောင်နိုင် | ဦးတချင် | ၁၃/ညရန(နိုင်)၀၇၀၃၈၃ | ၄၆ | ဘဏ္ဍာရေးမှူး | ၀၉ - ၄၂၈၃၇၁၆၆၈၁ |
| ၃။ | ဒေါ်ချန်လေ | ဦးကျော်ဟိုး | - | ၁၈ | အတွင်းရေးမှူး | |
| ၄။ | ဒေါ်နေနေထွေး | ဦးမောင်ဘဲ့ | ၁၃/ညရန(နိုင်)၁၃၂၂၇၈ | ၂၆ | စာရင်းကိုင် | ၀၉ - ၇၈၆၉၄၀၇၂၉ |
| ၅။ | ဦးခွန်ကျော်ဇေယျ | ဦးစိုး | ၁၃/ညရန(နိုင်)၁၅၇၈၄၂ | ၂၀ | အဖွဲ့ဝင် (၁) | ၀၉ - ၄၂၉၉၄၇၆၀၈ |
| ၆။ | ဒေါ်ကြည်ဌေး | ဦးသိန်းမောင် | - | ၂၂ | အဖွဲ့ဝင် (၂) | |
| ၇။ | ဦးမောင်ဘဲ | ဦးငယ် | ၁၃/ညရန(နိုင်)၁၀၀၃၁၄ | ၃၁ | အဖွဲ့ဝင် (၃) | ၀၉ - ၂၆၆၄၂၈၁၈၁ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၁ | ၁ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃ | ၂ | ၅ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄ | ၆ | ၁၀ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂ | ၆ | ၈ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၈ | ၅၀ | ၁၀၈ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃ | ၄ | ၇ | - | - |
| စုစုပေါင်း | | ၇၀ | ၆၉ | ၁၃၉ | - | - |
| စုစုပေါင်း အိမ်ထောင်စု | | ၄၂ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နို့စို့ကလေးအရွယ်သည် အနည်းငယ်သာရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်များသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်မှုအားကောင်းကြပါသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများသာနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၁ | ၉၈ | ၅ | ၄ | ၇ | ၂၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၄၂ | ၁၀၀ | ၅ | ၄ | ၇ | ၂၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးမြေများသာရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ငန်းသူများ မရှိပါ။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ။မိုးကောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားများ ငှါးရမ်းရာ၌ အမျိုးသမီးလုပ်အားခသည် အများဆုံး(၁၅၀၀၀)ထိ ရရှိနိုင်သော်လည်း အမျိုးသားလုပ်အားခသည် အများဆုံး (၈၀၀၀)သာရရှိနိုင်သဖြင့် ကျား-မ လုပ်အားခအနည်းငယ်ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၃၉ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၈၇ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၆ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၃၂ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မိုးကောင်းကျေးရွာတွင် လယ်မြေ(၃၉)ဧက၊ ယာမြေ(၈၇)ဧကနှင့် ဥယျာဉ်ခြံမြေ(၆)ဧက စုစုပေါင်း ကျေးရွာ ပိုင်စိုက်ပျိုးမြေက(၁၃၂)ဧက ရှိပါသည်။ စိုက်ပျိုးမြေများသည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်လျက်ရှိပြီး ကျေးရွာရှိအိမ်ထောင်စုနှင့် လယ်ယာမြေပိုင်ဆိုင်မှု မျှတမှုမရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ | သင့်☐ မရှိ ☑ | နည်း ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ | သင့်☐ မရှိ ☐ | နည်း ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ | သင့်☑ မရှိ ☐ | နည်း ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ | သင့်☐ မရှိ ☑ | နည်း ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ | သင့်☑ မရှိ ☐ | နည်း ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ | သင့်☐ မရှိ ☐ | နည်း ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ | သင့်☐ မရှိ ☑ | နည်း ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ | သင့်☐ မရှိ ☑ | နည်း ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မိုးကောင်းကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များအနေဖြင့် ကျေးရွာပတ်ဝန်းကျင်တွင် နွားစာသဘာဝအပင်များနှင့် မြေပေါ်ရေများအသင့်အတင်းတွေ့ရှိရပြီး ကျောက်၊ မြေအောက်ရေတို့ကို အနည်းငယ်တွေ့ရှိရသော်လည်း အသုံးချရန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။ အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၁၁ | ၁၅ | ၁၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မိုးကောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းတစ်မျိုးတည်းသာ အသက်မွေးဝမ်းကျောင်းပြုနိုင်သဖြင့် ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၈ | - | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၈ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။မိုးကောင်းကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စု(၃၀%)၏ ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်မှုစစ်တမ်းကောက်ယူမှုအခြေအနေအား လေ့လာခဲ့ရာ အများစုသည် (ဖ)လနှင့်(၁၂)လကြားတွင်သာ ဝမ်းစာဖူလုံကြပြီး အခက်အခဲများကို မိတ်ဆွေ၊ ဆွေးမျိုးများထံတွင် အထောက်အပံ့ယူ၍ ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖင့်နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မိုးကောင်းကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများတွင် ပါဝင်သော မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖင့်နှစ်နှင့်အထက် အမျိုးသမီး(၁)ဦးရှိကြောင်း တွေ့ရှိရပါသည်။

**(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
